# အရှေ့တောင်အာရှတွင် မြန်မာသည် အမေရိကန်နိုင်ငံခြားရေးမူဝါဒ၏ အစမ်းသပ်ခံဖြစ်လာနေ

**Washington Post**
**December 28, 2005**

ဘုတ်ရှ်အစိုးရအဖွဲ့မှ မြန်မာပြည်ရှိစစ်အစိုးရအပေါ် သံတမာန်ရေးအရ ထိုးစစ်ဆင်နွှဲလာခြင်းသည် ဒေသအတွင်းရှိ နိုင်ငံများအနေဖြင့် အမေရိကန်ပြည်ထောင်စုကဲ့သို့ တူညီသော စံနှုန်းများနှင့် တူညီသော တန်ဘိုးထားမှုရှိမရှိကို စမ်းသပ်လိုသည့် သဘောဖြင့် မြေစမ်းခရမ်းပျိုးချင်း ဖြစ်သည်ဟု ဝါရှင်တန်ပိုစ် သတင်းစာကြီးတွင် ဆောင်းပါးရှင် Glenn Kessler က ရေးသားထားခဲ့သည်။

သမတဘုတ်ရှ်မှ အိမ်ဖြူတော်ရှိ ၄င်း၏ဘဲဥပုံရုံးခန်းတွင် အသက် ၂၄ နှစ်ရှိ ချမ်းတောင်နှင့် မိနစ် ၅၀ကြာ တွေ့ဆုံခဲ့ပြီးနောက် အောက်တိုဘာလထဲတွင် ရုတ်ခြည်းစတင်ကြိုးပမ်းလာခဲ့ခြင်း ဖြစ်သည်။ နောက်ပိုင်း နိုဝင်ဘာလတွင်ပြုလုပ်ခဲ့သည့် အာရှစီးပွားရေးထိပ်သီးတွေ့ဆုံပွဲ တက်ရောက်လာသော ခေါင်းဆောင်များကို တွန်းအားပေးခဲ့ပြီး ဖီလစ်ပိုင် သမတ ထံမှ ကုလလုံခြုံရေးကောင်စီတွင် မြန်မာအရေးတင်ပြနိုင်ရန် အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းနေမှုများကို ထောက်ခံပါမည့်အကြောင်း စာဖြင့် ရေးသား ကတိပြုချက်ကိုလည်း ရယူနိုင်ခဲ့ပေသည်။

လက်ထောက်နိုင်ငံခြားရေးဝန်ကြီး နီကိုလပ်စ် ဘန်းကဲ့သို့ အခြား အရာရှိများကလည်း အဖွဲ့ဝင် ၁၅ နိုင်ငံ ပါရှိသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး ခေါ်ယူရန် လိုအပ်သည့် မဲ ၉ မဲရရှိရန် တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ရယူနိုင်ခဲ့ကြသည်။ ရလာဒ်ကား ယခုလအစောပိုင်းတွင် လုံခြုံရေးကောင်စီ၌ မြန်မာပြည်ပြဿနာကို ပထမဦးဆုံး အနေနှင့် စတင်ဆွေးနွေးလာနိုင်ခဲ့သည်။

အဖွဲ့ဝင်များ၏ တစုတစည်းတည်း သဘောတူညီချက်ကို ရရှိလိုသောကြောင့် အစည်းအဝေးကို သီးသန့်ပြုလုပ်ခဲ့ကြသည်၊ နောက်လထဲလောက်တွင် မြန်မာပြည်အပေါ် လုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် တွန်းအားပေးသွားမည်ဟု အမေရိကန် အရာရှိများက ဆိုသည်။

အဖွဲ့ဝင်နိုင်ငံအချို့က မြန်မာနိုင်ငံသည် နိုင်ငံတကါလုံခြုံရေးအတွက် ပြဿနာ ရှိမရှိကို စောဒက တက်ခဲ့ကြသည်၊ အမေရိကန် အရာရှိများက မြန်မာနိုင်ငံသည် ဒေသအတွင်း တည်ငြိမ်ရေးကို ခြိမ်းခြောက်နေခြင်း ရှိမရှိကို ဒုက္ခသည် အမြောက်အမြားထွက်ပြေးလျက်ရှိနေခြင်း၊ လူအများအား အတင်းအကျပ် အလုပ်စေခိုင်းနေသည့် မှတ်တမ်းများနှင့် အစိုးရမှ ပါဝင်ပါတ်သက်နေသည့် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်နေခြင်း တို့ပါဝင်သည့် အကြောင်းပြချက် မျိုးစုံကို တင်ပြခဲ့ခြင်းဖြင့် တုန့်ပြန်ခဲ့ကြသည်။ လွန်ခဲ့သောနှစ်အတွင်းက အကူအညီပေးရေးအဖွဲ့အစည်းအတော်များများ သည် စစ်အစိုးရမှ ၄င်းတို့အပေါ် ပိုမိုပြင်းထန်သော ကန့်သတ်မှုများ ပြုလုပ်လာခြင်းကြောင့် တိုင်းပြည်မှ ၄င်းတို့၏ လုပ်ငန်းများကို ရုတ်သိမ်းခဲ့ကြပြီးဖြစ်ပေသည်။

ကုလသမဂ္ဂ နိုင်ငံရေးရာ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် အီဗရာဟင် ဂမ်ဘာရီမှ လုံခြုံရေးကောင်စီ၌ အလွတ်သဘောပြောဆိုခဲ့ရာတွင် မြန်မာပြည်သူများမှာ ၄င်းတို့၏ မရှိမဖြစ်သော အခြေခံအခွင့်အရေးများနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးပါရန် တောင်းဆိုမှုများကို ငြင်းပါယ်ခံခဲ့ကြရပြီး၊ အစိုးရမှလည်း မတရားပြုလုပ်ခံရ၍ တိုင်တန်းမှုများကို စုံစမ်းစစ်ဆေးခဲ့သည်ဆိုသော သက်သေအထောက်အထားများလည်း မရှိသောကြောင့် မြန်မာပြည်သည် နိုင်ငံတကါ၏ စိုးရိမ်မကင်းစရာ ဖြစ်လာခဲ့ရသည်ဟု ဖေါ်ပြခဲ့သည်ဟု သိရသည်၊ ထို့အပြင် ကျေးရွာ

အမြားအပြားရွှေ့ပြောင်းခံခဲ့ရပြီး အနည်းဆုံး ကျေးရွာပေါင်း၂၄၀ ဖျက်ဆီးခံခဲ့ရသည့်အပြင် နေရာအနှံ့တွင် အတင်းအကျပ် လုပ်အားပေးစေခြင်းတို့ပြုလုပ်ခဲ့ကြပြီး၊ **AIDS/HIV, TB** နှင့် ငှက်ဖျားရောဂါများဖြစ်ပွားမှုနှုန်း မြင့်မားလာနေခြင်းကြောင့် လူသားချင်းစာနာထောက်ထားသော အကူအညီများ အရေးပေါ်ပေးအပ်ရန် လိုအပ်လျက်ရှိနေသည်ဟုလည်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာနိုင်ငံအပေါ် ဩဇာသက်ရောက်နိုင်လောက်သော အနေအထား မရှိသလောက်ပင်ဖြစ်သည်၊ နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် အောင်ဆန်းစုကြည်အား အာဏာပိုင်များက အကျယ်ချုပ်ဖမ်းဆီးခဲ့သည့် ၂၀၀၃ ခုနှစ်မှစ၍ အမေရိကန်ပြည်ထောင်စုသည် မြန်မာပြည်မှ သွင်းကုန်များအားလုံးကို ပိတ်ပင်ထားခဲ့သည်။

မကြာသေးမီ အချိန်လောက်အထိ အမေရိကန်အစိုးရအဖွဲ့၏ သံတမာန်ရေးရာ ကြိုးပမ်းခဲ့မှုများသည် အောင်မြင်မှု အနည်းငယ်လောက်သာလျှင် ရရှိခဲ့သည်၊ မြန်မာ၏ အိမ်နီးချင်းနိုင်ငံများနှင့် ၄င်းတို့၏ ထိုးဆောင်းအဖွဲ့ဖြစ်သော အာဆီယံမှ ဖိနှိပ်အုပ်ချုပ်သောစစ်အစိုးရနှင့် ဆက်လက်၍ အလုပ်ဖြစ်နေသည့် အနေအထားကို နှစ်ချိုက်သဘောကျနေခဲ့ကြသည်၊ ဆက်ဆံရေးပျက်ပြားသွားခဲ့ပါက တရုတ်မှ သယံဇာတ ကြွယ်ဝသော မြန်မာပြည်အပေါ် ဝင်ရောက်ဩဇာ သက်ရောက်လာမည်ကို ကြောက်ရွံ့နေခဲ့သည်မှာလည်း တစိတ်တပိုင်း အဖြစ် ပါဝင်ပေသည်။

မြန်မာ၏ အနောက်ဘက် အိမ်နီးချင်းဖြစ်သော အိန္ဒိယနှင့် အရှေ့ဘက်ရှိ ထိုင်းနိုင်ငံတို့မှလည်း မြန်မာထံမှ စီးပွားရေးအရ သဘောတူညီချက်များ ရရန်ကြိုးစားနေစဉ်အတွင်း ဖြစ်ပျက်နေသည်များကို မျက်နှာလွှဲထားရန် အားသန်နေကြပြီး၊ ဂျပန်မှလည်း ဒုတိယ ကမ္ဘာစစ်အတွင်းက ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးကို အဆုံးသတ်စေခဲ့သည့် နီးစပ်သော အဆက်အသွယ်များကို ထိမ်းသိမ်းထားလိုသောကြောင့် စစ်အစိုးရအား ဖိအားပေးရန် ငြင်းပါယ်ခဲ့ပြီး ဖြစ်သည်ဟု အမေရိကန်အရာရှိများမှ ပြောပြသည်။

အာဆီယံ၊အိန္ဒိယနှင့် ဂျပန်တို့မှ ပြုလုပ်နေသော ချည်းကပ်ဆောင်ရွက်မှုသည် ရလာဒ်တစုံတရာ ထွက်ပေါ်လာခဲ့ခြင်း မရှိပဲ စစ်အစိုးရ၏ အပြုအမူများကိုသာ ပိုမိုဆိုးဝါးလာစေသည်ဟု အမေရိကန်အစိုးရအဖွဲ့မှ အမည်မဖော်လိုသော အထက်တန်းအရာရှိကြီးတဦးက ဆိုသည်။

နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာ ရိုက်စ်က မြန်မာအား ကမ္ဘာပေါ်ရှိ အာဏာရှင်တို့၏ နောက်ဆုံးခံတပ် ၆ ခုထဲတွင် တခုအပါအဝင်ဟူ၍ အထက်လွှတ်တော်တွင် သူမ၏ရာထူး အတည်ပြုရေး ကြားနာစစ်ဆေးခဲ့ရာတွင် ထည့်သွင်းကင်ပွန်းတပ်ခဲ့ပြီးဖြစ်သည်၊ အမေရိကန်အစိုးရအဖွဲ့မှ မြန်မာအပေါ် ပုံမှန်ရှုတ်ချမှုများပြုလုပ်နေခဲ့သော်လည်း သံတမာန်ရေးအရ ကြိုးပမ်းဆောင်ရွက်ရာတွင်မူ အဆင့်နိမ့်ပုံစံမျိုးသာလျှင် ရှိခဲ့သည်။ သို့သော် ယင်းအခြေအနေသည် အောက်တိုဘာ ၃၁ က ဘွတ်ရှ်နှင့် ချမ်းတောင်တွေ့ဆုံခဲ့ပြီးနောက် ပြောင်းလဲသွားခဲ့ရသည်။

ထိုသို့တွေ့ဆုံခဲ့စဉ်အတွင်း ချမ်းတောင်မှ မြန်မာပြည်သည် လူဦးရေသန်း ၅၀ ကျော်ရှိပြီး အရှေ့တောင်အာရှတွင် ဒုတိယအကြီးဆုံးဖြစ်သည်ဆိုသည့် အချက်ကို ဘွတ်ရှ်အား အလေးအနက်ထား ပြောပြခဲ့သည်၊ သူမဆိုလိုသည်မှာ ခိုင်မာပြတ်သားသော အမေရိကန်၏ တွန်းအားပေးမှုသည် လူအမြောက်အများအား အပြုသဘောအကျိုးသက်ရောက်နိုင်သည်ကို ထောက်ပြခဲ့ခြင်းဖြစ်သည်။

အမေရိကန်အရာရှိများက ယင်းတွေ့ဆုံမှုသည် ဘွတ်ရှ်အား ခွန်အားရှိအောင်ပြုလုပ်နိုင်ခဲ့သည့်အပြင် ၄င်းအား မူဝါဒရေးရာ ပြဿနာတွင် လူသားမျက်နှာ တပ်ဆင်ပေးနိုင်ခဲ့သည်ဟု ပြောခဲ့ကြသည်။ “သမတက လူတယောက်ကို သဘောကျသွားခဲ့ရင် အဲ့တာနဲ့ပါတ်သက်ပြီး ပေါ်လီစီဆိုတာ ဖြစ်လာတာပဲ၊ ဒါကိုအခုကိစ္စက ပြနေပါတယ်” ဟု ဆိုသည်။

နောက်ပိုင်း ရက်သတ္တပါတ် ၂ပါတ်အကြာလောက်တွင် ကျင်းပရန်ရှိသော အာရှစီးပွားရေးထိပ်သီးတွေ့ဆုံပွဲသို့ ၎င်း အရေးကိစ္စအပေါ် တိုးတက်မှုများရရှိအောင် ပြုလုပ်မည်ဟူသော သံမိဋ္ဌာန်ဖြင့် ဦးတည်သွားခဲ့ပေသည်၊ တိုက်တိုက်ဆိုင်ဆိုင်ပင် မြန်မာအစိုးရမှ နိုဝင်ဘာ ၇ ရက်က ၎င်းတို့၏ မြို့တော်ကို မိုင်၂၀၀ အကွာရှိ သောက်သုံးရေ မရရှိသောမြို့ငယ်လေးတခုသို့ ပြောင်းရွှေ့မည်ဟု ကြေငြာခဲ့သဖြင့် ဒေသအတွင်း၌ လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ရသည်။

“မြန်မာပြည်သည် အလွန်အရေးကြီးသောအနေအထားတွင် ရှိနေပြီး ဒေသအတွင်းတွင်ထားရှိသော ကျွန်ုပ်တို့၏ အစီအစဉ်အားအတွက် အစမ်းသပ်ခံဘို့ ဖြစ်လာရသည်”ဟု ဘွတ်ရှ်မှ အားလုံးကို အသိပေးချင်ခဲ့သည်ဟု အမေရိကန် အရာရှိများက ဆိုသည်။ ဥပမာအားဖြင့် အမေရိကန်အစိုးရအဖွဲ့မှ တူညီသောတန်ဘိုးထားမှုအပေါ် အခြေခံ၍ အိန္ဒိယနှင့် ဆက်ဆံရေးတည်ဆောက်ရန်ကြိုးစားနေပြီး၊ အိန္ဒိယအားလည်း မြန်မာသည် ၎င်းတို့၏ အလေးအနက်ထားမှုကို သက်သေပြရန် နည်းလမ်းတခုဖြစ်သည်ဟု ပြောခဲ့ပြီးဖြစ်သည်၊ တရုတ်အားလည်း ၎င်းတို့၏ အချို့သော အပြုအမူများတွင် တူညီသောစံနှုန်းများရှိရေးသည် တရုတ်–အမေရိကန် ဆက်ဆံရေးတွင် အဓိကသော့ချက်ဖြစ်ကြောင်းပြောကြားခဲ့ပြီး၊ စမ်းသပ်သည့်အနေဖြင့် တရုတ်မှ ဂုဏ်သိက္ခာမဲ့သော အစိုးရများနှင့် မည်ကဲ့သို့ ဆက်ဆံသည်ကို စောင့်ကြည့်မည်ဖြစ်သည်။

အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၏ အနီးကပ်ဆုံးမဟာမိတ်နိုင်ငံတနိုင်ငံဖြစ်သော ဂျပန်သည် မြန်မာအား ရင်ဆိုင်ရန် စိတ်ပါလက်ပါမရှိခဲ့ပေ၊ သို့သော် တိုကျိုမှာ ၎င်း၏ အနေအထားကို ရုတ်ခြည်း ပြောင်းလဲသွားခဲ့သည်ဟု အမေရိကန်နှင့် ဂျပန်အရာရှိများက ဆိုသည်။ အဓိက အကြောင်းမှာ ဘွတ်ရှ်မှ သူ၏ခရီးစဉ်အတွင်း တိုကျို၌ ပြော ကြားခဲ့သော မိန့်ခွန်းထဲတွင် မိမိတို့နှစ်နိုင်ငံအနေဖြင့် ဒီမိုကရေစီကို ချစ်မြတ်နိုးပုံတူညီကြောင်း ချီးကျူးပြောကြား သွားခဲ့ခြင်းကြောင့် ဖြစ်သည်၊ မြန်မာအား ဆက်လက်၍ ကျားကန်ပေးနေပါက ဂျပန်အနေဖြင့် ရှူးသွတ်ရာ ကျလိမ့် မည်ဟု တုံးတုံးတိတိပြောကြားခဲ့သည်ဟုလည်း သိရသည်။

စိတ်ပျက်ဖွယ်ရာ ဆက်လက်ဖြစ်နေသည့် အခြားမဟာမိတ်တနိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်သည်ဟု အမေရိကန်အရာရှိ များက ပြောသည်၊ ၂၀၀၁ တွင် ရာထူးရယူခဲ့သည့် ကြေးနန်းဆက်သွယ်ရေးကဏ္ဍတွင် ဘီလီယံနာဖြစ်သူ ဝန်ကြီး ချုပ် သာစင် ရှင်နာဝါထွာ၏ မိသားစုမှ မြန်မာနိုင်ငံတွင် စီးပွားရေးအရ အကျိုးခံစားခွင့်များရှိနေသည်ဟူသော သတင်းများ ထွက်ပေါ်နေခဲ့ပြီး၊ ထိုင်းအစိုးရမှ မြန်မာပြည်တည်ငြိမ်ရေးသည် မူးယစ်ဆေးဝါးကုန်သွယ်မှုနှင့် လူကုန်ကူး မှုများ ဟန့်တားထားနိုင်ရေးအတွက် မရှိမဖြစ် လိုအပ်သည်ဟု ယုံကြည်လျက် ရှိနေကြခြင်းပင် ဖြစ်သည်ဟုလည်း ဆိုသည်။